## “ငြိမ်းချမ်းရေးပန်းခင်းထဲမှ မွေးမြူခြင်း၊ စိုက်ပျိုးခြင်းနှင့် ရင်းနှီးခင်မင် ယုံကြည်ခြင်းပန်းပွင့်များ”

အတွေးများနဲ့ ကြည်နူးနေမိသည်မှာအမှန်ပါ။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ သိသင့်သိထိုက်သော ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို KNUငြိမ်းချမ်းရေးအဖွဲ့တပ်သားများမှ မိသားစုဝင် သင်တန်းသား/သင်တန်းသူများကို သင်ကြားပို့ချပေးရမည်။ ကရင်ပြည်နယ်အစိုးရအဖွဲ့၏စီစစ်မှုဖြင့် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ရန် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ၏ စားဝတ်နေရေး၊ လူနေမှုဘဝမြင့်တင်ရေးအတွက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြမည်။ ကရင်ပြည်နယ် အစိုးရအဖွဲ့မှစီစဉ်မှုဖြင့် မွေးမြူရေးလုပ်ငန်းများမဆောင်ရွက်မီ လိုအပ်သော ဘာသာရပ်များကို အထက်ပါဌာနများမှ သင်ကြားပေးရမည်။ မွေးမြူရေးလုပ်လျှင် စိုက်ပျိုးရေးကိုပါတွဲ၍ ဆောင်ရွက်ရမည်။ မွေးမြူရေး၊ စိုက်ပျိုးရေးဘာသာရပ်များကို သင်ကြားရာတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ဘာသာ ရပ်များကိုပါ သင်ကြားပေးရန် ပြည်နယ်ဝန်ကြီးချုပ်မှလမ်းညွှန်မှာကြားသည်။ KNU ငြိမ်းချမ်းရေးအဖွဲ့မှ စိုက်ပျိုး မွေးမြူရေးတာဝန်ခံ ဖဒိုစောမြမောင်နှင့် တပ်မဟာ(၁)မှ(၇)အထိ ကိုယ်စားလှယ်များမှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးများနှင့် သင်တန်းများအတွက်ဆွေးနွေးခြင်းကို (၂၆-၁၁-၂၀၁၄)ရက်နေ့တွင် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းတွင် ဆွေးနွေးခဲ့ကြသည်။ KNU မွေးမြူရေးနှင့်ငါးဖမ်းဌာန တာဝန်ခံ ဖဒိုစောမြမောင်နှင့် မွေး/ကုပြည်နယ်ဦးစီးဌာနမှ ဒေါက်တာမြင့်နိုင်နှင့် ငါးလုပ် ငန်းဦးစီးဌာန ဒေါက်တာညွှန့်ဝေတို့က သင်ခန်းစာနှင့်ပတ်သက်၍ သင်ကြားမည့် အစီအစဉ်များကို အသေးစိတ် ဆွေးနွေးပေးကြသည်။ ငြိမ်းချမ်းရေးအဖွဲ့မှ လိုလိုချင်ချင်ဘာသာရပ်များကို စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြသည်။ (၈-၁၂-၂၀၁၄)ရက်နေ့တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ အံဖကြီးကျေးရွာတွင် ကရင်ပြည် နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် “ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု၊ ကျေးရွာအခြေပြု မွေးမြူ ရေးနှင့် စိုက်ပျိုးရေးသင်တန်း” ဖွင့်လှစ်ခဲ့ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တပ်မ(၂၂)တပ်မမှူး၊ ပြည်နယ်စိုက်/ကြပ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ရုံမက KNUငြိမ်းချမ်းရေးအဖွဲ့မှ ဖဒိုမန်းငြိမ်း မောင်၊ ဖဒိုရွှေမောင်း၊ ဖဒိုစောမြမောင်နှင့် KNUငြိမ်းချမ်းရေးအဖွဲ့ မှခေါင်းဆောင်များ သင်တန်းသား/ သင်တန်း သူများ မြိုင်မြိုင်ဆိုင်ဆိုင် တက်ရောက်ခဲ့ကြသည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ်မှ ငြိမ်းချမ်းရေးအဖွဲ့ဝင် သင်တန်းသား/သူများကို (၁၄-၁၂-၂၀၁၄) ရက်နေ့ တွင် ဘားအံမွေးမြူရေးဇုန်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ မြေဆီလွှာ၊ မျိုးစေ့နှင့် ပိုးမွှားခါတ်ခွဲခန်းများ၊ ဘားအံစိုက်ပျိုးရေးသိပ္ပံ၊ ပုလဲသွယ်စိုက်ပျိုးရေးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ၊ ဘားအံစက်မှု

ဇုန်တို့ကိုလေ့လာနိုင်ရန်စီစဉ်ပေးခဲ့သည်။ ထိုမှတဆင့်ငါးသားဖောက်စခန်း(ဘားအံ)၊ နိုင်ငံတော်သမ္မတ၏ဂုဏ်ထူးဆောင်ဆုရ တောင်သူ ကုန်းကျေးရွာဦးဝင်းနိုင်၏ ပေါင်းစည်းလယ်ယာနှင့် အောင်နိုင်သူမြေငါးမွေးမြူရေးကုမ္ပဏီ၏ ငါးမွေးမြူရေး လုပ်ငန်းများကို လေ့လာနိုင်ရန် စီမံထားရှိခဲ့သည်။ လေ့လာရေးခရီးစဉ်အတွင်းတွင် ဖဒိုစောမြမောင်မှငါးလုပ်ငန်းကို စိတ်ဝင်စားစွာဆိုလာသည်။ “ ဦးစီးမှူး - အခုမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကကြီးမှူးပြီး မွေးမြူရေးနှင့်စိုက်ပျိုးရေး ဘာသာရပ်တွေ သင်တန်းကပြီးတော့မယ်။ နောက်တစ်ခါဆိုရင် ငါးလုပ်ငန်းဦးစီးဌာနက ပိုအသေးစိပ်တွေ သင်နိုင်အောင်ဦးစီးပြီးသင်တန်းတစ်ခု ထပ်ဖွင့်ချင်သေးတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကိုတင်ပြပေး ပါအုန်း၊ ကျွန်တော်တို့လည်းတင်ပြပါမယ် ”ဟု KNU စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနတာဝန်ခံ ဖဒိုစောမြမောင်ကပြောလာသည်။ ငါးလုပ်ငန်းဆိုင်ရာများကို စိတ်ဝင်တစားရှိလာကြ၍ စိတ်ထဲတွင် ဝမ်းမြောက်ဝမ်းသာဖြစ်နေမိသည်။ ငြိမ်းချမ်းရေးပန်းခင်းတွင် ငြိမ်းချမ်းခြင်းပန်းများ ထာဝရပွင့်လန်းဝေဆာနေစေရန် ဒေသတည်ငြိမ် အေးချမ်းဖို့လိုပါသည်။ ဒေသတည်ငြိမ်အေးချမ်းသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းတည်ဆောက်နိုင်ပါ မည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေး၏အခြေခံ မွေးမြူရေး၊ စိုက်ပျိုးရေးတို့ကို ခေတ်မီနည်း ပညာများဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့လိုပါသည်။ ကျေးလက်

-၂-

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို တိုးတက် အကောင်အထည်ဖော်နိုင်ဖို့လိုပါသည်။ ဒေသလိုအပ်ချက်များ၏ အခြေခံများကို ပြည်နယ်အစိုးရအဖွဲ့မှ အကောင်အထည်ဖော်ပေးခဲ့ပါသည်။ ငြိမ်းချမ်းရေးပန်းခင်းတွင် မွေးမြူခြင်း၊ စိုက်ပျိုးခြင်းတို့ဖြင့် ဒေသဖွံ့ဖြိုးရေးကို မြှင့်တင်ဆောင်ရွက်နိုင်ရေး စည်းရုံးပေးခဲ့သည်။ ငြိမ်းချမ်းရေးသင်တန်းသား/သူတို့မှ သင်တန်း၏ပို့ချချက်များကိုပျော်ရွှင် လိုလားစွာသင်ယူခဲ့ကြသည်။ ငြိမ်းချမ်းခြင်း၏ ထူးကဲသောအရသာကို မွေးမြူခြင်း၊ စိုက်ပျိုးခြင်း၊ ဒေသဖွံ့ဖြိုးခြင်းတို့ဖြင့် အလှဆင်နိုင်ကြတော့မည်။ ထိုအထဲတွင်ငါးလုပ်ငန်းဆိုင်ရာများကို ထူးကဲစွာ စိတ်ပါ ဝင်စားကြခြင်း သည်လည်း အမြင်ကျယ်သော သင်တန်းသား/သူတို့၏ အရည်အချင်းတစ်ရပ်အဖြစ် တွေ့မြင်ခဲ့ရသည်။

ဒီလိုနှင့်(၁၈-၁၂-၂၀၁၄)ရက်နေ့ နံနက်(၀၈:၃၀)နာရီတွင် အံဖကြီးကျေးရွာ၌ သင်တန်းဆင်းပွဲအခမ်း အနားကျင်းပခဲ့သည်။ ကရင်ပြည်နယ်ဒုတိယလွှတ်တော်ဥက္ကဋ္ဌနှင့် ကရင်ပြည်ယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့် ဌာနဆိုင်ရာများ၊ KNU ငြိမ်းချမ်းရေးအဖွဲ့ ဗဟိုစိုက်ပျိုးရေးနှင့် မွေးမြူရေးတာဝန်ခံ ဖဒိုစောမြမောင်နှင့်တာဝန်ရှိသူများ သင်တန်းသား/သူများ တက်ရောက်ခဲ့ကြသည်။ သင်တန်းဆင်းပွဲတွင် ကရင်ပြည် နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့မှ သင်တန်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားကြသည်။ထို့နောက် KNU ငြိမ်းချမ်းရေးအဖွဲ့မှ ဖဒိုစောမြမောင်မှ စီစဉ်ဆောင်ရွက်ပေးသော ကရင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ကိုကျေးဇူးတင်ရှိကြောင်း၊ သင်တန်းနည်းပြများကိုလည်း ကျေးဇူးတင်ရှိကြောင်းနှင့် သင်တန်းမှပို့ချပေးသော ဌာနဆိုင်ရာများ၏ပို့ချချက်များကို သင်တန်းသား/သူတို့မှ လက်တွေ့နယ်ပယ်တွင် အကျိုးကျိုးရှိရှိအသုံးချကြဖို့လိုကြောင်းပြောကြားသည်။ ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၏ ရင်တွင်းစကားကိုကြားရသောအခါ သင်တန်းချိန်(၁၂)ချိန်သင်ကြားခဲ့သော ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့်များစွာပီတိဖြစ်မိသည်။ သင်တန်းချိန်(၄၀)ကျော် မွေးမြူရေးအကြောင်း၊ ရောဂါများအကြောင်း သင်ကြားခဲ့သော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ဖြစ်မိသောပီတိမှာပြောဖွယ်မရှိပြီ။ ငြိမ်းချမ်းရေးအဖွဲ့ KNU ၊ KNLA အဖွဲ့မှဒု-ဗိုလ်မှူးကြီး စောဘိုထူး၏ ပြောကြားချက်များတွင် ရင်တွင်းစကားများကို ဤသို့ကြားသိရသည်။ ပြည်နယ်အစိုးရကယခုကဲ့သို့သင်တန်းကိုစီစဉ်ပေးသည့်အတွက် ပြည်နယ်အစိုးရနှင့်နိုင်ငံတော်ကို ကျေးဇူးအထူးတင်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအကြောင်းတွေကို နည်းမလည်ခဲ့၊ မသိသေးခဲ့တဲ့ ပြည်သူတွေကို နားလည်သိရှိအောင်ဆောင်ရွက်ပေးလို့၊ နားလည်ပေးလို့၊ သဘောထားကြီးပေးလို့ ကျေးဇူးတင်ဝမ်းသာပါကြောင်း၊ အခုလိုမွေးမြူရေး၊စိုက်ပျိုးရေးကဲ့သို့သောတန်ဘိုးကြီး သည့်ပညာရပ်များကို သင်တန်းတစ်ခု ဖြစ်မြောက်အောင်ဆောင်ရွက်ပေး၍ အလွန်အကျိုးရှိကြောင်း၊ နှစ်ပေါင်း

(၆၀)ကျော်တိုက်ပွဲတွေဖြစ်နေခဲ့၍ ဒေသဖွံ့ဖြိုးရေးကိုမလုပ်နိုင်ခဲ့ကြောင်း၊ ယခုလိုမွေးမြူရေး၊ စိုက်ပျိုးရေးသင်တန်းများပေးပြီးပါက မွေးမြူရေး၊ စိုက်ပျိုးရေးများလုပ်ရင်း တဆင့်ပြီးတဆင့်တိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်နေသော အခြေ အနေ အားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့လိုနေအုံးမှာဖြစ်ပြီး ဖြည့်ဆည်းပေးသည်နှင့်အမျှ ဒေသခံပြည်သူများ တဆင့်ပြီးတဆင့်တိုးတက်လာမည်ဟုယုံကြည်ပါကြောင်း၊ သင်တန်းသား/သူများအနေနှင့် ရရှိထားသော ပညာဗဟုသုတများကို ဒီအတိုင်းမထားဘဲမိမိဒေသရောက်လျှင် လက်တွေ့အကောင်အထည်ဖော်ကြဖို့ လိုကြောင်း ပြောကြားသွားသည်။

KNU ကော့ကရိတ်မြို့နယ် အတွင်းရေးမှူး ဦးစောအယ်ကော်သောမှ ရင်တွင်းရှိစကားများမှာလည်း တန်ဘိုးရှိလှပါသည်။ သူကဤသို့ဆိုပါသည်။ ၎င်းတို့၏ဒေသအတွင်းတွင် မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ အားနည်းနေကြောင်း၊ လွန်ခဲ့သောကာလများတွင် စစ်ဘေးစစ်ဒဏ်ကြောင့်ဖြစ်ကြောင်း၊ နှစ်ပေါင်း(၆၀)ကျော်ကြာဖြစ်နေခဲ့သော ပဋိပက္ခများကို ရှင်းလင်းနေရတာမို့ မလွယ်ကူဖြစ်နေကြောင်း၊ ယုံကြည်မှု ရင်းနှီးမှုများကို ယခုထက် ပိုမိုတည်ဆောက်ကြမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်မှာချည်း တာဝန်ရှိသည်မဟုတ်ဘဲ တိုင်းရင်းသားတွေမှာလည်း တာဝန်မကင်းကြောင်း၊**

-၃-

ယခုကဲ့သို့ မွေးမြူရေးစိုက်ပျိုးရေးပညာရပ်တွေ လာရောက်သင်ကြားပေး၍ အထူး ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်ပေါင်း(၆၀)ကြာ မွေးမြူရေးစိုက်ပျိုးရေးလုပ်ငန်းတွေ အတည်တကျမဆောင်ရွက် နိုင်ခဲ့ကြကြောင်း၊ သင်တန်းရက်တိုသော်လည်း ပညာရပ်အချို့ရရှိကြ၍ အရည်အချင်းတစ်ရပ်တိုးတက်အောင် သင်တန်းနည်းပြတွေက သင်ကြားပေးခဲ့ကြောင်း၊ ပြည်နယ်အစိုးရ အကြီးအကဲများ၊ KNU ခေါင်းဆောင်များ၏ ရှေ့တွင် စကားပြောကြားခွင့်ရ၍ ကျေးဇူးတင်ရှိကြောင်း ပြောကြားသွားပါသည်။ ပကတိ အခြေအနေများပေါ်တွင် ခင်မင်ရင်းနှီးခြင်း၊ ယုံကြည်ခြင်းနှင့် ဝမ်းသာကြည်နူးခြင်းတို့၏ ပုံရိပ်သဏ္ဍာန်က ၎င်း၏မျက်နှာတွင်ပေါ်လွင်နေသည်။ ၎င်းမှဆက်လက်ပြောကြားရာတွင် သင်တန်းသား/သူများအနေနှင့် သူ့အရည်အချင်းနှင့်သူ ဗဟုသုတနှင့်အသိများရရှိခဲ့ကြောင်း၊ အနှစ်(၆၀)ကြာ ခံစားခဲ့ရသော ဒဏ်ကမသေးကြောင်း၊ မိမိတို့နိုင်ငံမှာ တခြားနိုင်ငံများထက် ရေမြေအနေအထား၊ လူထုအနေအထားသာလွန်ပါကြောင်း၊ အတူလက်တွဲဆောင်ရွက်ကြလျှင် တိုးတက်လာမည်မလွဲ ဖြစ်ပါကြောင်း ရင်တွင်းစကားဖွင့်ဟ ပြောကြားသွားပါသည်။ ၎င်းနောက်သင်တန်းသားလည်းဖြစ် တပ်မဟာ (၃)၏ စိုက်မွေးတာဝန်ခံလည်းဖြစ်သူ ဖဒို စောဟဲဂေးမှ ပြောကြားရာတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် သင်တန်းနည်းပြများကို ကျေးဇူးတင်ရှိပါကြောင်း၊ ကျယ်ပြန့်သောဘာသာရပ်များကို အတတ်နိုင်ဆုံး နားလည်အောင် အတိုချုံးသင်ကြားမှုတွင် နားလည်မှုတစ်ခုရရှိ၍ ကျေးဇူးတင်ပါကြောင်း၊ သင်တန်းချိန်မှာ အလွန်နည်းသေးသည်ဟုပြောလိုကြောင်း၊ ကရင်ပြည်နယ်အတွင်း နှစ်ပေါင်း(၆၀)ကျော် စစ်ပွဲများဖြစ်ပွားနေခဲ့၍ ဆင်းရဲသားဘဝတွင်သာနေခဲ့ရကြောင်း၊ **“သူများတစ်လှမ်းချင်း လှမ်းရင်ကိုယ်ကအလှမ်း(၆၀)လှမ်းရမည်ဖြစ်ကြောင်း”**၊ ယခုကဲ့သို့ဒေသအထိ သက်ဆိုင်ရာဌာနများမှ လာရောက်ပို့ချခြင်းသည် ယခုအကြိမ်မှာပထမဆုံး သင်တန်းဖြစ်မည်ဟု ယူဆပါကြောင်း၊ ငြိမ်းချမ်းရေးထာဝရ တည်တံ့ခိုင်မြဲပြီး ဒေသဖွံ့ဖြိုးရေးအောင်မြင်အောင် ကြိုးစားသွားရမည် ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်သွားပါ သည်။ ဒေသခံ KNU ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၏ ရင်တွင်းစကားများမှာ ပွင်းလင်းမြင်သာရှိလှပါပေသည်။ နိုင်ငံတကာနှင့်ယှဉ်၍ မိမိနိုင်ငံတော်ထာဝရ ငြိမ်းချမ်းရေး၊ မိမိဒေသဖွံ့ဖြိုးရေးတို့ကို ထည့်သွင်းစဉ်းစားကြကြောင်း၊ ငြိမ်းချမ်းရေးသည် ဒေသဖွံ့ဖြိုးရေးအတွက် အလွန်အရေးကြီးကြောင်းကို ၎င်းတို့ကိုယ်တိုင်လည်း နားလည်သဘောပေါက်နေကြောင်း ကြားသိရ၍အောင်မြင်လှသော မွေးမြူရေးနှင့်စိုက်ပျိုးရေးသင်တန်းနည်းပြ တစ်ဦးအဖြစ်ဆောင်ရွက်ခဲ့ရသည်ကိုဂုဏ်ယူနေမိသည်။ မွေးမြူရေးဘာသာရပ်၊ ငါး/ပုစွန်မွေးမြူထုတ်လုပ်ရေးနှင့် ပတ်သက်သော ရေလုပ်ငန်းဘာသာရပ်များကို စိတ်ပါဝင်စားစွာအလေးထားကြကြောင်း၊ တန်ဘိုးထားကြကြောင်းတွေ့ရ၍ ရင်တွင်း၌အလွန်ပင် ကြည်နူးနေမိပါသည်။

မည်သို့ပင်ဆိုစေ မိမိဌာန၏ကြိုးပမ်းဆောင်ရွက်ချက်တစ်ချက်တစ်ခုကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပြီ။ ငြိမ်းချမ်းရေးပန်းခင်းအတွင်း မွေးမြူခြင်း၊ စိုက်ပျိုးခြင်းနှင့် ရင်နှီးခင်မင် ယုံကြည်ခြင်း၊ ပန်းပွင့်များကို ပွင့်လန်းအောင် တစ်ထောင့်တစ်နေရာက ဆောင်ရွက်နိုင်ခဲ့ပြီ။ ပြည်နယ်အစိုးရအဖွဲ့၏ ငြိမ်းချမ်းရေးနှင့်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု၊ ကျေးရွာအခြေပြု မွေးမြူရေး၊ စိုက်ပျိုးရေးသင်တန်းကို အောင်မြင်အောင် အထောက်အကူ ပြုနိုင်ခဲ့ပြီဟု ယုံကြည်ခံယူရင်း ဝမ်းသာပီတိဖြစ်နေမိပါ တော့သည်။

ညွှန့်ဝေမောင်(ငါးဦးစီး)